# အထူးတရားမရုံးအက်ဥပဒေ။ [၁]

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၃။] (၁၉၅၂ ခုနှစ်၊ ဇန္နဝါရီလ ၁၅ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ အထူးတရားမရုံး အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတ က အာဏာတည်ခြင်းမှရပ်စဲရမည်ဟု အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆင့်ဆိုသည့်နေ့တိုင်အောင် အာဏာတည်ရမည်။ ယင်းသို့အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းအားဖြင့် ဤအက်ဥပဒေ အာဏာတည်ခြင်းမှရပ်စဲသောအခါ၊ မြန်မာနိုင်ငံယေဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၅ ရှိ အက်ဥပဒေရုပ်သိမ်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် အကျိုးသက်ရောက်ရမည်။

၂။ ။ဤအက်ဥပဒေတွင်—

(က) "အထူးတရားမရုံး" ဆိုသည်မှာ၊ ပုဒ်မ ၃ အရဖွဲ့စည်းသည့် အထူးတရားမရုံးကိုဆိုလိုသည်။

(ခ) "နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့"ဆိုသည်မှာ၊၁၉၄၇ ခုနှစ်၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ဆိုင်ရာအမိန့် (State Agricultural Marketing Board Order, 1947) အရ ဖွဲ့စည်းထားသည့် နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ကိုဆိုလိုသည်။

၃။ ။နိုင်ငံတော်သမတ သည်၊အထူးတရားမရုံးတခုကိုဖွဲ့စည်းနိုင်သည်။ထိုတရားမရုံးတွင် နိုင်ငံတော် သမတ ကခန့်ရမည့် အဖွဲ့ဝင်သုံးဦးပါဝင်ရမည်။ အထူးတရားမရုံး၏ နာယကသည် လွှတ်တော်ချုပ်တရားဝန်ကြီးတဦးဖြစ်ရမည်။ အခြားအဖွဲ့ဝင်များကို လွှတ်တော်တရားဝန်ကြီးများထဲမှဖြစ်စေ၊ တရားမခရိုင်တရားသူကြီးအဖြစ်ဖြင့် အနည်းဆုံး နှစ်နှစ်ဆောင်ရွက်ခဲ့သူများထဲမှ ဖြစ်စေ၊ လွှတ်တော်ရှေ့နေအဖြစ်ဖြင့်အနည်းဆုံးဆယ်နှစ်အမှုလိုက်လဲဆောင်ရွက်ခဲ့သူများထဲမှဖြစ်စေ ခန့်ရမည်။

၄။ ။အထူးတရားမရုံးမှာ၊ နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့အား စွဲဆိုရန်ရှိသော စပါး၊ဆန်၊ဆန်ကွဲနှင့် ဖွဲနုများရောင်းချသည့်အတွက် ရရန်ရှိသည့် တန်ဘိုးငွေများနှင့် ပတ်သက်၍ တရားမမှုလမှုကို၊ သို့တည်းမဟုတ် စပါး၊ဆန်၊ ဆန်ကွဲနှင့် ဖွဲနုများရောင်းချသည့်အတွက် ရရန်ရှိသည့် တန်ဘိုးငွေများနှင့် ပတ်သက်၍ အခြားမူလမှုခင်းကိုသာလျှင်စစ်ဆေးစီရင်ရန် အာဏာရှိရမည်။ ထိုကဲ့သို့သော တရားမမှုကို၊ သို့တည်းမဟုတ် မှုခင်းကိုအခြားဘည်သည့် တရားဥပဒေများတွင်၊ နယ်နိမိတ်ဆိုင်ရာ၊ သို့တည်းမဟုတ် အမှုတန်ဘိုးဆိုင်ရာများ၊ မည်သို့ပင်ပါရှိစေကာမူ၊ အထူးတရားမရုံးတွင်စွဲဆိုနိုင်ရမည်။

၅။ ။တရားလွှတ်တော်က တရားမမှုလမှု၊ သို့တည်းမဟုတ် အခြားမူလ မှုခင်းစစ်ဆေးစီရင်သည့်အခါ၊ ရရှိသုံးစွဲသော အာဏာအားလုံးကို အထူးတရားမရုံးသည် ရရှိသုံးစွဲနိုင်ရမည်။ ဤအက်ဥပဒေတွင် အတည့်အလင်းပြဋ္ဌာန်းခြင်းမပြုသည့် အချက်များနှင့်စပ်လျဉ်း၍ အထူးတရားမရုံးသည် တရားမမှုလမှု၊ သို့တည်းမဟုတ် အခြားမူလမှုခင်းစစ်ဆေးစီရင်သည့်အခါ၊ တရားမကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာနိုင်သမျှလိုက်နာရမည်။

[၁] ဤအက်ဥပဒေကို မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၂ ခုနှစ်၊အပိုင်း ၁၊ စာမျက်နှာ ၇၇ တွင်ထုတ်ပြန်ကျေညာသည်။

၆။ ။တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၃၅-က၏ ပုဒ်မခွဲ (၂) တွင်မည်သို့ပင်ပါရှိစေကာမူ၊ အမှုသည်တဦးဦးသည် မဟုတ်မမှန်သော၊ သို့တည်းမဟုတ် အနှောင်အရှက်ဖြစ်စေသော တောင်းဆိုချက်တခုခုကို တင်သွင်းလျှင်၊ အထူးတရားမရုံးသည် ထိုပုဒ်မ၏ ပုဒ်မခွဲ (၁) တွင် ဖော်ပြထားသော အာဏာများကိုသုံးစွဲလျက်၊ လျော်ကြေးအဖြစ်ဖြင့်သုံးထောင်အထိ ယင်းသို့တင်သွင်းသူကစရိတ် ငွေပေးဆောင်ရမည် ဟုအမိန့်ချမှတ်နိုင်သည်။

၇။ ။(၁) အထူးတရားမရုံးသည်၊ နာယက ကသတ်မှတ်သည် နေရာနှင့်အချိန်တွင် ရုံးထိုင်ရမည်။

(၂) အထူးတရားမရုံး၏ အဖွဲ့ဝင်တဦးဦးသည်၊ တရားမမူလမှုတခုခုကို ဖြစ်စေ၊ အခြားမူလမှုခင်း တခုခုကိုဖြစ်စေ၊ ဆက်လက်စစ်ဆေးစီရင်ခြင်း မပြုနိုင်လျှင်၊ နိုင်ငံတော်သမတသည်၊ ပုဒ်မ ၃ ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲထိုအဖွဲ့ဝင်၏နေရာတွင် အခြားသူတဦးကိုခန့်နိုင်သည်။ ထို့ပြင် ထိုအဖွဲ့ဝင်သစ်ကို အမှုစတင်စစ်ဆေးသည့်နေ့မှစ၍ ခန့်ဘိသကဲ့သို့ ထိုတရားမမှုကို၊ သို့တည်း မဟုတ် မှုခင်းကိုဆက်လက်ဆောင်ရွက်ရမည်။

(၃) အထူးတရားမရုံး၏ အဖွဲ့ဝင်များ အချင်းချင်း သဘောကွဲလွဲသည့်အခါ၊အဖွဲ့ဝင်များရာ၏ ထင်မြင်ယူဆချက်အတိုင်းဆုံးဖြတ်ရမည်။

၈။ ။(၁) အထူးတရားမရုံးမှာ၊ အမှုစစ်ဆေးခြင်းကို တရားဖြောင့်မှန်ရေး အကျိုးငှါ ရွှေ့ဆိုင်းရန်လိုအပ်သည်ဟု ယူဆသည့်အခါမှတပါး၊ အခြားမည်သည့် အကြောင်းကိစ္စအတွက်မျှ၊ အမှုစစ်ဆေးခြင်းကို ရွှေ့ဆိုင်းရန်တာဝန်မရှိစေရ။

(၂) သက်သေတဦးဦး၏ အစစ်ခံချက်သည် အရာရောက်လိမ့်မည်မဟုတ်ဟူ၍ယူဆလျှင်၊ အထူးတရားမရုံးသည် ထိုသက်သေကို ဆင့်ခေါ်ရန်ငြင်းဆိုနိုင်သည်။

(၃) အခြားတည်ဆဲ တရားဥပဒေတခုခုတွင် မည်သို့ပင် ပါရှိစေကာမူ၊ အထူးတရားမရုံးသည်၊ မိမိစစ်ဆေးသည့်သက်သေအသီးသီး၏ အစစ်ခံချက်ကိုအကျဉ်းချုပ်ရေးမှတ်ထားရမည်။

(၄) ဤအက်ဥပဒေအရ၊ အထူးတရားမရုံးက ချမှတ်သောဒီကရီကို၊ သို့တည်းမဟုတ် အမိန့်ကို မည်သည့်တရားရုံးတွင်မျှ အယူခံဝင်ခွင့်မရှိစေရ။

၉။ ။ရုံးခွန်တော် အက်ဥပဒေပါပြဋ္ဌာန်းချက်များသည်၊ အထူးတရားမရုံး၌စွဲဆိုသော တရားမ မူလမှုများနှင့်ဖြစ်စေ၊ အခြားမူလမှုခင်းများနှင့်ဖြစ်စေ သက်ဆိုင်ခြင်းမရှိစေရ။

၁၀။ ။အမှုသည် တဦးဦးက လျှောက်ထားသည့်အခါ၊အထူးတရားမရုံးသည် အမှုသည်များအား နို့တစ်စာပေးပြီးလျှင်၊ ထိုသူတို့အနက် ကြားနာစေလိုသူတို့၏ လျှောက်လဲချက်များကို ကြားနာပြီးနောက်သော်၎င်း၊ နို့တစ်စာမပေးဘဲ မိမိအလိုအလျောက်သော်၎င်း၊ အခြားမည်သည့် တရားရုံးတွင်မဆို မပြီးပြတ်ရှိနေသေးသည် နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့အား စွဲဆိုသော တရားမမူလမှုကို၊သို့တည်းမဟုတ် အခြားမူလမှုခင်းကို မည်သည့်အခြေအနေတွင်မဆို နုတ်သိမ်းပြီးလျှင်၊ ၎င်းကိုစစ်ဆေးစီရင်ခြင်း၊ သို့တည်းမဟုတ် စီရင်ဆောင်ရွက်ခြင်းပြုနိုင်သည်။

သို့ရာတွင် အထူးတရားမရုံးက ဤပုဒ်မအရ၊ တရားမမူလ မှုတခုခုကို၊ သို့တည်းမဟုတ် အခြားမူလမှုခင်းတခုခုကို နုတ်သိမ်းခြင်းမပြုမီ၊ ထိုတရားမမှုနှင့်ဖြစ်စေ၊ မှုခင်းနှင့်ဖြစ်စေ၊ စပ်လျဉ်း၍ ပေးဆောင်ပြီးဖြစ်သော ရုံးခွန်တော်ကို၊ ပုဒ်မ ၉ ပါပြဋ္ဌာန်းချက်ကြောင့်ပြန်ပေးရန်လိုသည်ဟု အဓိပ္ပါယ် မကောက်ယူရ။

၁၁။ ။အထူးတရားမရုံးက ချမှတ်သော ဒီကရီကို၊ သို့တည်းမဟုတ် အမိန့်ကို၊ အယူခံ၍ ဤအက်ဥပဒေအာဏာမတည်ဖြစ်ခဲ့ပါမူ၊ ထိုဒီကရီနှင့် သို့တည်းမဟုတ် အမိန့်နှင့် သက်ဆိုင်သော တရားမ မူလမှုကို၊ သို့တည်းမဟုတ် အခြားမူလ မှုခင်းကို စစ်ဆေးစီရင်ပိုင်ခွင့် ရှိမည့်တရားမရုံးတွင်သာလျှင်၊ တရားမကျင့်ထုံး ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲဇာရီပြုနိုင်ရမည်။

၁၂။ ။(၁) ဤအက်ဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန် ကြံရွယ်သည့် ကိစ္စအတွက်၊အထူးတရားမရုံးအဖွဲ့ဝင် တဦးဦးအား၊ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားမှုခင်းဖြစ်စေ မစွဲဆိုရ။

(၂) ဤအက်ဥပဒေတွင် အတည်အလင်း ပြဋ္ဌာန်းထားသည့် အတိုင်းမှတပါး၊ ဤအက် ဥပဒေအရဆောင်ရွက်သည်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန် ကြံရွယ်သည့်ကိစ္စကြောင့် ဖြစ်သော၊ သို့တည်းမဟုတ် ထိုကိစ္စကြောင့် ဖြစ်ရန်အကြောင်းရှိသော ပျက်စီးနစ်နာမှုအတွက် အစိုးရအား၊ တရားမမှုဖြစ်စေ၊ အခြားမှုခင်းဖြစ်စေ မစွဲဆိုရ။